အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်-- ၉၇/၁ ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့

၁၃၇၁ ခုနှစ် တန်ခူးလဆန်း (၈)ရက်
၂၀၁၀ ခုနှစ် မတ်လ (၂၂)ရက်

## " အထူးကြေညာချက်အမှတ် – ၁ / ၀၃ / ၁၀"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ ၂၀၁၀ ခုနှစ် မတ်လ (၁၇)ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၂–၃–၁၀ နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)"အကြောင်းအရာ ။ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံခွင့်ရရှိရေး။

ရည်ညွှန်းချက် ။ ။ (၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ် စက်တင်ဘာလ (၁၆)ရက်စွဲပါစာအမှတ် – ၀၉၄ (စည်း)/ ၀၉/ ၀၉။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက်စွဲပါစာအမှတ် – ၀၃၀ (စည်း)/ ၀၂/ ၁၀။

အထက်ရည်ညွှန်းချက်ပါစာများဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး တွေ့ဆုံညှိနှိုင်းဆွေးနွေးခွင့် ရရှိရေးအတွက် အကြောင်းကြားခဲ့သော်လည်း တစ်စုံတစ်ရာ ပြန်ကြားခြင်း မရှိခဲ့ပါ။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတို့ကို ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီတစ်ခုဖြစ်သောကြောင့် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် အလူးလိုအပ်နေပါသည်။

သို့ပါ၍ ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အတွင်းရေးမှူး ဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ၊ ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးလွန်းတင်၊ ဦးညွန့်ဝေတို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး တွေ့ဆုံညှိနှိုင်း ဆွေးနွေးခွင့် ရရှိရေးအတွက် အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးပါရန် ထပ်မံအကြောင်းကြားအပ်ပါသည်။

၁၅–၃–၁၀ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။ "(ဆုံး)"

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်